မပုတေးကျေးရွာ

ကော့သောင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀ - ၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

မပုတေးကျေးရွာ၊ ကော့သောင်းမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

စကားချီး

မပုတေးကျေးရွာ သယံဇာတပြမြေပုံ၊ ကော့သောင်းမြို့နယ်

အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စိမံခန့်ခွဲမှု အခြေအနေ

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) ငါးလုပ်ငန်း

(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

(င) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်း

(စ) ခရီးသွားလုပ်ငန်း

(ဆ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာ မီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

၆။ ပညာရေး

၇။ ကျန်းမာရေး

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက် အဆိုပြုလွှာ (၁)
စီမံချက် အဆိုပြုလွှာ (၂)
စီမံချက် အဆိုပြုလွှာ (၃)

နောက်ဆက်တွဲ
နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း
နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း


ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပြီး အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။

စက်တင်ဘာလ၊ ၂၀၂၀ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
မပုတေးကျေးရွာ
ကော့သောင်းမြို့နယ်

မပုတေးကျေးရွာ သယံဇာတပြမြေပုံ၊ ကော့သောင်းမြို့နယ်



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား


မပုတေးကျေးရွာသည် ကော့သောင်းမြို့နယ်၏ မြောက်ဘက် (၂၃)မိုင် အကွာတွင်တည်ရှိပြီး မြေပြန့်ဒေသဖြစ်ပါသည်။ ကော့သောင်းမြို့မှ မပုတေးကျေးရွာသို့ မော်တော်ဆိုင်ကယ်ဖြင့် ၄၅မိနစ်ခန့်မောင်းနှင်ရပါသည်။ ကုန်းလမ်းဖြစ်သာသွားလာရပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ


ရာသီဥတုအခြေအနေသည် နွေ၊ မိုး၊ ဆောင်း အသင့်အတင့်မျှတသောရာသီဥတုအခြေအနေရှိပါသည်။ သဘာဝအရင်းအမြစ်များဖြစ်သော မပုတေးကျွန်းနှင့် ကမ်းခြေတို့တည်ရှိပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

မပုတေးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေး အဖွဲ့၊ ရပ်မိရပ်ဖများ၊လူငယ်ပရဟိတအဖွဲ့၊မိခင်နှင့်ကလေးအဖွဲ့၊နာရေးကူညီမှုအဖွဲ့၊ မီးသတ် အဖွဲ့၊ ဂေါပကအဖွဲ့၊အမျိုးသမီးရေးရာအဖွဲ့နှင့် သာရေး/နာရေးအဖွဲ့များဖြင့်စီမံခန့်ခွဲ ဆောင်ရွက်ထားရှိပါသည်။



၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ



(က) သီးနှံ စိုက်ပျိုးရေး

ရာသီအလိုက်ရာသီပေါ်သီးနှံများဖြစ်သော ကွမ်း၊ အုန်း၊ သီဟိုဠ်ပင်များ စိုက်ပျိုးထားရှိပြီး ထွက်ကုန်များထွက်ရှိလာပါက မိသားစုစားဝတ်နေရေးအတွက် ရောင်းချပြီး အသက်မွေးဝမ်းကျောင်းပြုကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကြက်၊ ဘဲ၊ ဆိတ်၊ နွား၊ များအား တစ်နိုင်တစ်ပိုင် မွေးမြူကြပြီး ရရှိလာ သော ထုတ်ကုန်များအား ကျေးရွာအတွင်းဖြန့်ဖြူးရောင်းချခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။

(ဂ) ငါးလုပ်ငန်း

ငါးလုပ်ငန်းသီးသန့်မွေးမြူခြင်းမရှိပါ။ ပင်လယ်ပြင်တွင် စက်တပ်ရေယာဉ်ငယ်များဖြင့် ငါး၊ ပုဇွန်၊ ဂဏန်းများအားဖမ်း၍ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်း ကြောင်းပြုကြပါသည်။

(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင်း အခြားဝင်ငွေရ လုပ်ငန်းအနေဖြင့် ဆိုင်ကယ်ပြင်၊ စျေးရောင်း၊ လက်ဖက်ရည် ဆိုင်၊ ဆံညှပ်၊ အရက်ဆိုင်၊ စက်ချုပ်၊ လက်သမား၊ ပန်းရံ၊ စက်ပြင်၊ ပိုက်ဖာ၊ လှေပြင် နှင့် ပို့ဆောင်ရေးဝန်ဆောင်မှုတို့ကို လုပ်ကိုင်ကြသည်။ ထိုဝန်ဆောင်မှုလုပ်ငန်းများမှာ အလုပ်အကိုင် အခွင့်အလမ်း ကောင်းမွန်ကြပါသည်။

(င) စီးပွါးရေးနှင့်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း

စိုက်ပျိုးရေး၊ မွေးမြူရေးမှ ထွက်ရှိလာသောထွက်ကုန်များအား စျေးကွက်ကောင်းမွန်သောနေရာတွင် ရောင်းချခြင်း၊ စျေးနှုန်းသက်သာသောနေရာများမှ ကုန်ပစ္စည်းများအား ဝယ်ယူလာပြီး ကျေးရွာအတွင်း စျေးသက်သက်သာသာဖြင့် တစ်ဆင့်ပြန်လည် ရောင်းချခြင်းဖြင့် ဝင်ငွေတိုးအောင် စီးပွါးရှာခြင်းဖြင့် ဝင်ငွေစီးဆင်းမှုလုပ်ငန်းလုပ်ကိုင်ကြပါသည်။

(စ) ခရီးသွားလုပ်ငန်း

သီးခြားခရီးသွားလုပ်ငန်းမရှိပါ။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း၊ သဘာဝသယံဇာတများ မျိုးတုန်းပျောက် ကွယ်ခြင်း မရှိရလေအောင် ထိန်းသိမ်းခြင်းဖြင့် ခရီးသွားလုပ်ငန်းတိုးတက်အောင် ဆောင်ရွက်သင့်ပါသည်။

(ဆ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ငါးလုပ်ငန်းဦးစီးဌာနမှ ဆောင်ရွက်ပေးသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများအား အတိုးနှုန်းသက်သာစွာ ဖြင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများရရှိပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

မပုတေးကျေးရွာတွင် မြို့မှပစ္စည်းများအား သယ်ယူပို့ဆောင်ရာတွင် လိုင်းကား(၂)စီး၊ အငှါးဆိုင်ကယ်၊ သုံးဘီး များဖြင့် သယ်ယူပို့ဆောင်ကြပါသည်။ မပုတေးကျေးရွာတွင် လုပ်ငန်းရှင်အချို့သာ ကားအသုံးပြု၍ သယ်ယူပို့ဆောင်ကြပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

မပုတေးကျေးရွာသည် မဟာဓါတ်အားလိုင်းမရရှိသေးပါ။ ကျေးရွာသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်

လျက်ရှိသည့် ကျေးလက်မီးလင်းရေးမှ ဆိုလာများအား ကျေးရွာမှ ၁၀% ပါဝင်မှုဖြင့် ဝယ်ယူကာ မီးလင်းရေးနှင့် ပုဂ္ဂလိကအင်ဂျင်မီးစက်ကြီး(၂)လုံးဖြင့်မီးလင်းရေ ဆောင်ရွက် လျှက်ရှိပါ သည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင်း အိမ်တိုင်းတွင် TV နှင့်စလောင်းများရှိသဖြင့် သတင်းများအား ကြည့်ရှုနိုင်ခြင်း၊ ဆက်သွယ်ရေးအတွက် Tower တိုင်မရှိသော် MPT Mytelလိုင်းများဖြင့် ဆက်သွယ်ရေး အဆင်ပြေချော့မွေ့ပြီး သတင်းအချက်အလက်များလက်လှမ်းမီမှုရှိပါ သည်။

၆။ ပညာရေး

မပုတေးကျေးရွာတွင် အလယ်တန်းကျောင်းခွဲ(၁)ကျောင်းရှိပါသည်။ ဆရာ/ ဆရာမများနှင့် သင်ထောက်ကူပစ္စည်းများလုံလောက်စွာရှိပါသဖြင့် ကျောင်းသား /သူများ အဆင်ပြေ စွာ ပညာသင်ကြားနိုင်ပါသည်။

၇။ ကျန်းမာရေး

ကျေးရွာအတွင်း ကျေးလက်ကျန်းမာရေးဌာနခွဲလည်းရှိပါသည်။ ကျန်းမာရေးစောင့် ရှောက်မှုများလက်လှမ်းမီမှုရှိပါသဖြင့် အနာရောဂါ ကင်းစင်လျက် ပျော်ရွှင်ကျန်းမာကြပါ သည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

သဘာဝဘေးအန္တရာယ်များကျရောက်ပါက ကြိုတင်ကာကွယ်နိုင်ရန်အတွက် ဟော ပြောပွဲများကျင်းပခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ ဆောင်ရွက်ထားရှိပြီး ရေကြီးမှုများမဖြစ်ပေါ်စေရန်အတွက် ဒီရေတောများအား အထူးကာကွယ်စောင့်ရှောက် ထားပါသည်။ ဖြစ်ပေါ်လာပါက ကြိုတင်ကာကွယ်နိုင်ရန် စီစဉ်ထားရှိပြီးဖြစ်ပါကြောင်းနှင့် သဘာဝသယံဇာတများ မပျက်စီး မပျောက်ပျက်စေရန်အတွက် ကျေးရွာသူ/သားများ ဝိုင်းဝန်းကြိုးပမ်းကြရန် လိုအပ်ပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာအတွင်း ကျား မရေးရာ ကိစ္စရပ်များ အဆင်မပြေဖြစ်ပါက ကျေးရွာရုံးတွင် ညှိနှိုင်းဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာတွင်အဆင်မပြေပါက မြို့နယ်တရားသို့ လွှဲပြောင်း ပေးခြင်များ ဆောင်ရွက်လျက်ရှိပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည်-ချမ်းဖန်းကျေးရွာ			ကျေးရွာအမည်-မပုတေး	
စဉ်	ကဏ္ဍ	စီမံချက်	အဆိုပြုလုပ်ငန်းစဉ်များ	မှတ်ချက်
၁	လူငယ်နှင့်အားကစား	ကျေးလက်လမ်းတံတား	ဘက်စုံသုံးအဆောက်အဦတည်ဆောက်ခြင်း။	
၂	ပညာရေး	ကျောင်းအဆောက်အဦ	မူကြိုကျောင်းဆောင်တည်ဆောက်ခြင်း။	
၃	လူငယ်နှင့်အားကစား	အားကစား	လူငယ်များအတွက်ကျေးရွာတွင်အားကစားရုံတည်ဆောက်ခြင်း။	
၄	ခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း။	
၅	ခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ရေပိုက်လိုင်းသစ်သွယ်တန်းခြင်း။	

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁)

ကျေးရွာ	- မပုတေးကျေးရွာ
ကျေးရွာအုပ်စု	- ချမ်းဖန်းကျေးရွာအုပ်စု
မြို့နယ်	- ကော့သောင်းမြို့နယ်
တိုင်းဒေသကြီး / ပြည်နယ်	- တနင်္သာရီတိုင်းဒေသကြီး

စီမံချက်အမည် - ဘက်စုံသုံးအဆောက်အဦတည်ဆောက်ခြင်း

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

- လက်ရှိကျေးရွာတွင် အစည်းဝေးပွဲများ၊ သာရေးနာရေး၊ လူမှုရေးကိစ္စများ ဆောင်ရွက်ပါက စာသင်ကျောင်းတွင်နှင့်ဘုန်းကြီးကျောင်းတွင် ပြုလုပ်ရပါသည်။
- ကျောင်းဖွင့်ချိန်ရောက်ရင် ကျောင်းတွင်ပြုလုပ်ရန်မှာ ခက်ခဲပါသည်။ ဘုန်းကြီးကျောင်းသည်လည်း တခါတလေ အဆင်မပြေပါ။
- ထို့ကြောင့် ကျေးရွာ၏ ကိစ္စရေးရာများအားအဆင်ပြေစွာနဲ့ သက်သောက်သက်သာပြုလုပ်နိုင်ရန် ကျေးရွာပိုင် ဘက်စုံသုံးအဆောက်အဦး ရှိရန်လိုအပ်ပါသည်။

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- ကျေးရွာတွင် လူနေမှုအဆင့်တန်းမြင့်မားလာစေရန်။
- သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက နားခိုနိုင်ရန်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- ကျေးရွာပိုင်အဆောက်အဦရှိနေခြင်းကြောင့် တနေရာတည်းတွင် အချိန်မကုန်စေဘဲစုစည်းရန် လွယ် ကူလာနိုင်ပါသည်။
- ကျေးရွာ၏ သာရေး၊ နာရေး၊ လူမှုရေးကိစ္စများ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်လာနိုင်ပါမည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်

ပမာဏလုပ်ရမည်) ကျေးရွာအတွက် ဘက်စုံသုံးအဆောက်အဦတည်ဆောက်သွားပါမည်။ ခန့်မှန်းကုန်ကျငွေ မှာ ၁၀,၀၀၀,၀၀၀ ကျပ်ဖြစ်ပါသည်။ လိုအပ်ပါကကျေးရွာက်မှ လူအား လုပ်အားဖြင့် ကူညီပါမည်။
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ကျေးလက်ဦးစီး - သိန်း ၁၀၀ (ငွေသား)	• ကျေးလက်ဦးစီး - သိန်း ၁၀၀ (ငွေသား) • ကျေးရွာ - (ပစ္စည်း/လုပ်အား)

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၄၈၃	၅၀၆	၉၈၉	၂၀	၄၅	၈၃	၆၆	၂၁၄
အကျိုးခံစားမည့်သူဦးရေ	၄၈၃	၅၀၆	၉၈၉	၂၀	၄၅	၈၃	၆၆	၂၁၄
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) မပုတေးကျေးရွာကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ တာဝန်ယူဆောင်ရွက်ပြီး ကော့သောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာဆိုင်ရာကူညီထောက်ပံ့ဆောင်ရွက်သွားပါမည်။
(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း - ၂၅.၄.၂၀၂၀
(၃) စီမံချက်ပြီးစီးမည့်အချိန် - ၂၀.၇.၂၀၂၀
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -

ကျေးရွာမှလုပ်အားပူးပေါင်းပါဝင်ဆောင်ရွက်ပါမည်။ လိုအပ်ပါကလိုအပ်သလိုအချိန်နှင့် တပြေးညီပြီးစီးမှုရှိအောင်အလှူရှင် သက်ဆိုင်ရာအဖွဲ့များနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီ အစဉ်များ • ကျေးရွာရပ်မိ၊ ရပ်ဖများ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ လူငယ်အဖွဲ့များနှင့် ပူးပေါင်း၍ သတ်မှတ်စံချိန်စံညွှန်းများအတိုင်း လုပ်ငန်းအမြန်ဆုံးပြီးစီးအောင် ပူးပေါင်းဆောင်ရွက်သွားပါမည်။

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၂)

ကျေးရွာ - မပုတေး ကျေးရွာအုပ်စု - ချမ်းဖန်း မြို့နယ် - ကော့သောင်းမြို့ တိုင်းဒေသကြီး / ပြည်နယ် - တနင်္သာရီတိုင်းဒေသကြီး
စီမံချက်အမည် - မူကြိုကျောင်းဆောင်တည်ဆောက်ခြင်း။
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • လက်ရှိစာသင်ကျောင်းတွင် မူကြိုကျောင်းဆောင်မရှိခြင်းကြောင့် ကလေးများမူကြိုကျောင်းတက်ရန် အခက်အခဲဖြစ်နေပါသည်။
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) • ကလေးများ ကျောင်းနေပျော်စေရန်။
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) • မူကြိုကျောင်းဆောင်ရှိခြင်းကြောင့် ကလေးများအိမ်တွင် အချိန်မကုန်စေဘဲ စာသင်ကျောင်းတွင် ပျော်ရွှင်လာနိုင်ပါသည်။ • အနာဂတ်ကလေးငယ်များအတွက်ကျောင်းနေရွယ်ကလေးများ ကျောင်းတွင်ပျော်ရွှင်လာ နိုင်ပါသည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်) • လက်ရှိစာသင်ကျောင်းတွင် မူကြိုကျောင်းဆောင်ဆောက်လုပ်ပါမည်။ ခန့်မှန်းကုန်ကျငွေမှာ ၁၀,၀၀၀,၀၀၀ ကျပ်ဖြစ်ပါသည်။
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၄၈၃	၅၀၆	၉၈၉	၂၀	၄၅	၈၃	၆၆	၂၁၄
အကျိုးခံစားမည့်သူဦးရေ	၄၈၃	၅၀၆	၉၈၉	၂၀	၄၅	၈၃	၆၆	၂၁၄
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)
(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း -
(၃) စီမံချက်ပြီးစီးမည့်အချိန် -
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၃)

ကျေးရွာ	- မပုတေး
ကျေးရွာအုပ်စု	- ချမ်းဖန်း
မြို့နယ်	- ကော့သောင်း
တိုင်းဒေသကြီး / ပြည်နယ်	- တနင်္သာရီတိုင်းဒေသကြီး

စီမံချက်အမည် - လူငယ်များအတွက်အားကစားရုံတည်ဆောက်ခြင်း

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

- မပုတေးကျေးရွာသည် ကျေးရွာပေါင်းစုံအားကစားပြိုင်ပွဲများနှစ်စဉ်ကျင်းပ၍ အားကစားကွင်းအင်္ဂါရုပ်နှင့်အညီ အားကစားကွင်းပြုလုပ်ရန်လိုအပ်ပါသည်။

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- ကျေးရွာအားကစားရုံဖော်ဆောင်နိုင်ရန်။
- ကျေးရွာရှိလူငယ်များအပန်းဖြေမည့်နေရာရရှိစေရန်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- ကျေးရွာအားကစားရုံရှိလာသဖြင့် အနာဂတ်လူငယ်များ၏စိတ်ပိုင်းဆိုင်ရာ၊ရုပ်ပိုင်းဆိုင်ရာတိုးတက်လာစေရန်။
- ကျေးရွာရှိလူငယ်များ အားကစားလှုပ်ရှားမှုများပြုလုပ်အပန်းဖြေမည့်နေရာရရှိလာစေမည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏလုပ်ရမည်)

လူငယ်များအတွက်ကျေးရွာတွင်းအားကစားရုံပြုလုပ်ခြင်း

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၈၄၃	၅၀၆	၉၈၉	၂၀	၄၅	၈၃	၆၆	၂၁၄
အကျိုးခံစားမည့်သူဦးရေ	၃၅၅	၃၄၄	၆၉၉	၂၀	၄၅	၈၃	၆၆	၂၁၄
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း -
(၃) စီမံချက်ပြီးစီးမည့်အချိန် -
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီ အစဉ်များ

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၄)

ကျေးရွာ	- မပုတေး
ကျေးရွာအုပ်စု	- ချမ်းဖန်း
မြို့နယ်	- ကော့သောင်း
တိုင်းဒေသကြီး / ပြည်နယ်	- တနင်္သာရီတိုင်းဒေသကြီး

စီမံချက်အမည် - ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

- လက်ရှိကျေးရွာတွင်းလမ်းသည် မြေနီလမ်းဖြစ်သောကြောင့် သွားလာရခက်ခဲနေပါသည်။
- မိုးရာသီရောက်သောအခါ ကျောင်းသားကျောင်းသူများ၊ ရဟန်းရှင်လူများ သွားလာရခက်ခဲပါသည်။
- ထို့ကြောင့် ရွာတွင်းလမ်းကောင်းမွန်ရန်လိုအပ်ပါသည်။

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- ကျေးရွာလူနေမှုအဆင့်အတန်းမြင့်မားလာစေရန်။
- ကျောင်သားကျောင်းသူများ ပညာသင်ယူရာတွင် သွားလာရလွယ်ကူစေရန်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- လမ်းကောင်းမွန်ခြင်းကြောင့် သွားလာရလွယ်ကူလာနိုင်ပါသည်။
- မိုးရာသီရောက်ရင် အခက်မခဲမရှိနိုင်တော့ပါ။
- ကျောင်းသားကျောင်းသူများ ပညာသင်ကြားရာတွင် လျှင်မြန်လွယ်ကူစွာ သွားလာနိုင်ပါသည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

- ရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းပါမည်။ ခန့်မှန်းကုန်ကျငွေမှာ ၁၀,၀၀၀,၀၀၀ ကျပ် ဖြစ်ပါသည်။

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့် အစီအစဉ်**

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၈၄၃	၅၀၆	၉၈၉	၂၀	၄၅	၈၃	၆၆	၂၁၄
အကျိုးခံစားမည့်သူဦးရေ	၈၄၃	၅၀၆	၉၈၉	၂၀	၄၅	၈၃	၆၆	၂၁၄
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း -
(၃) စီမံချက်ပြီးစီးမည့်အချိန် -
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီ အစဉ်များ

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၅)

ကျေးရွာ	- မပုတေး
ကျေးရွာအုပ်စု	- ချမ်းဖန်း
မြို့နယ်	- ကော့သောင်း
တိုင်းဒေသကြီး / ပြည်နယ်	- တနင်္သာရီတိုင်းဒေသကြီး

စီမံချက်အမည် - ရေပိုက်လိုင်းအသစ်သွယ်တန်းခြင်း

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

- ကျေးရွာအတွင်းရေပိုက်လိုင်းအသစ်ထပ်မံတိုးချဲ့လိုပါသည်။
- နွေရာသီရောက်ရင် ရေအလုံအလောက်ရရှိရန်လိုအပ်ပါသည်။

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- ကျေးရွာသူကျေးရွာသား သောက်သုံးရေ အခက်အခဲမရှိတော့ဘဲ တစ်နှစ်ပတ်လုံး လုံလောက်စွာ အသုံးပြုနိုင်ရန်။
- ကျေးရွာရေရှာပါးခြင်းမှကင်းဝေးစေရန်။

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- ကျေးရွာတွင် သောက်သုံးရေ ဖူလုံစွာရရှိလာမည်။
- နွေရာသီ မီးဘေးအန္တရာယ်ကြုံတွေ့လာပါကလည်း အချိန်မီ လွယ်ကူစွာငြိမ်းသတ်နိုင်မည်။
- ထိုသို့ ရေပိုက်လိုင်းသွယ်တန်းခြင်းဖြင့် အိမ်တိုင်ရာရောက်ရေသွယ်စနစ်သို့ အဆင့်မြှင့်တင်နိုင်ပြီး အချိန်ကုန်သက်သာစွာ သောက်သုံးရေဖူလုံစွာရရှိလာနိုင်မည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

- ရွာတွင်းရေပိုက်လိုင်းအသစ်သွယ်တန်းပါမည်။ ခန့်မှန်းကုန်ကျငွေမှာ ၁၀,၀၀၀,၀၀၀ ကျပ် ဖြစ်ပါသည်။

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၈၄၃	၅၀၆	၉၈၉	၂၀	၄၅	၈၃	၆၆	၂၁၄
အကျိုးခံစားမည့်သူဦးရေ	၈၄၃	၅၀၆	၉၈၉	၂၀	၄၅	၈၃	၆၆	၂၁၄
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း -
(၃) စီမံချက်ပြီးစီးမည့်အချိန် -
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီ အစဉ်များ

နောက်ဆက်တွဲ (၁)

မပုတေးကျေးရွာ၊ ချမ်းဖန်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးဖြိုးဗိုလ်ဗိုလ်	ဦးကြည်ညွှန့်	ဖ/ကသန(နိုင်) ၀၄၉၀၅၇		ဥက္ကဋ္ဌ	၀၉၄၅၅၇၈၄၄၇ဖ
၂	ဦးဉာဏ်ဌေး	ဦးအောင်ဝင်း	ဖ/ထဝန(နိုင်)၀၆၇၃၀၃		အဖွဲ့ဝင်	
၃	ဦးလှဌေး	ဦးကျော်မြင့်	ဖ/ကသန(နိုင်) ၀၄၆၉၈၄		အဖွဲ့ဝင်	
၄	ဦးကျော်စိုးခိုင်	ဦးဝင်းအောင်	ဖ/မလမ(နိုင်) ၀၀၃၅၆၂		အဖွဲ့ဝင်	
၅	ဦးမင်းဇော်	ဦးကျော်ဆွေ	ဖ/ကသန(နိုင်) ၀၉၂၃၈၈		အဖွဲ့ဝင်	
၆	ဒေါ်လှရီ	ဦးချစ်ထွန်း	ဖ/ကသန(နိုင်) ၀၇၉၅၄၅		အဖွဲ့ဝင်	
၇	ဒေါ်အေးရီ	ဦးစိန်	ဖ/ကသန(နိုင်) ၀၂၅၄၉၂		အဖွဲ့ဝင်	
၈	ဒေါ်မေသကြိုင်ဦး	ဦးသန်းလှိုင်	ဖ/ကသန(နိုင်) ၀၇၂၅၃၁		အဖွဲ့ဝင်	
၉	ဦးသန်းအောင်	ဦးသန်းလွင်	ဖ/ကသန(နိုင်) ၀၆၉၅၀၉		အတွင်းရေးမှူး	

နောက်ဆက်တွဲ (၃)

ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	**စီမံအုပ်ချုပ်မှုစနစ်**					
	•	•	•	•	•	–
၂	**စိုက်ပျိုးရေး (သီးနှံ)**					
	•	•နည်းပညာဝန်ဆောင်မှု အားနည်းခြင်း။	• စိုက်ပျိုးရေးဌာနရှိခြင်း။ • စိုက်ပျိုးရေးကုမ္ပဏီ များရှိခြင်း။	• ကွင်းဆင်းဝန်ထမ်း နည်းခြင်း • ကုမ္ပဏီများ မိမိဆေးရောင်းရရေးသာအလေးထားခြင်း	• ဝန်ဆောင်မှုပြည့်ဝစွာရရန်စိုက်ပျိုးရေးဌာနနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများ အားချိတ်ဆက်ဆောင်ရွက်။ • မြို့နယ်အဖွဲ့အစည်းများ၏ အကူအညီဖြင့်အရေး ကြီးသွင်းအားစုများ လက်လှမ်းမီ	▪ စိုက်ပျိုးရေးနည်းပညာများ ရရှိအသုံးပြုမှု တိုးတက်အောင် ဆောင်ရွက်ခြင်း ▪ အရေးကြီးသွင်းအားစုများ ရရှိမှု တိုးတက်စေခြင်း –မျိုးကောင်းမျိုးသန့် စုပေါင်းဝယ်ယူရန် စီစဉ်ဆောင်ရွက်ခြင်း၊ –စက်ကိရိယာများ အရစ်ကျ ဝယ်ယူ/ငှားရမ်း ချိတ်ဆက် ဆောင်ရွက်ခြင်း၊
	• ပိုးနှင့် ရောဂါကျခြင်း	•သဘာဝအရရောဂါပိုးမွှားကျန့်သည့် အခြေအနေများပေါင်းဆုံဖြစ်ပေါ်ခြင်း				
	• မျိုးကောင်းမျိုးသန့် မစိုက်ကြခြင်း။	•မျိုးထိမ်း၊မျိုးချန်ရန် အသိမရှိခြင်း။ •ဆင်းရဲ၊ မဝယ်နိုင်၊ မဝယ်လို •မျိုးသန့်ပွားနည်း				

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
		ပညာ မသိရှိခြင်း •ရောင်းသည့် ဆိုင်မရှိ။			အောင် ချိတ်ဆက်ခြင်း • မြို့နယ်အဖွဲ့အစည်းများ၏ အကူအညီဖြင့် ရေရရှိရေးအစီအစဉ်များ ဆောင်ရွက်ခြင်း	▪ ရေသုံးစွဲသူ အစုအဖွဲ့ ဖွဲ့၍ ရေသွင်းခြင်းဆိုင်ရာ တည်ဆောက်ရေး၊ ပြုပြင်ထိန်း သိမ်းရေးနှင့် စနစ်တကျ သုံးစွဲရေးအတွက် ဆည်မြောင်းဌာနနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊
	• ရေမလုံလောက်ခြင်း။	•မိုးခေါင်ခြင်း၊မိုးမမှန်ခြင်း •ဆည်မြောင်းကန်ချောင်း များမရှိခြင်း။ •ရေမြောင်း၊ရေတံခါး မကောင်းခြင်း။				
	• မြေဆီဩဇာညံ့ခြင်း	•နွားချေးမြေဆွေးလုံလောက်စွာမထည့်နိုင်ခြင်း •မြေဆီလွှာတိုက်စားခြင်း။ •သီးနှံတစ်မျိုးတည်းနှစ်စဉ်စိုက်ပျိုးခြင်း။ •ဓာတ်မြေဩဇာများ မဆင်မခြင်သုံးစွဲ				

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
		ခြင်း။				
	• ဆားငန်ရေဝင်ခြင်း။	•ပင်လယ်နှင့်နီးခြင်း။				
	• အချိန်မီထွန်ယက်၊ စိုက်ပျိုးရိတ်သိမ်းခြင်းမလုပ်နိုင်ခြင်း။	•လုပ်သားရှားပါးခြင်း။ •ခိုင်းကျွဲ၊ ခိုင်းနွားမလုံလောက်ခြင်း။ •လယ်ယာသုံးစက်ကိရိယာမလုံလောက်ခြင်း။				
၃	**မွေးမြူရေး**					
	• မွေးမြူရေးနည်းပညာအားနည်းခြင်း။	• နည်းပညာဝန်ဆောင်မှုအားနည်းခြင်း။			• တိရစ္ဆာန်ရောဂါ ကာကွယ် ကုသရေး အတွက် အလေးထားစိတ်တိုးတက်အောင် ဆောင်ရွက်ခြင်း • မွေးကုဋ္ဌီးစီးဌာနနှင့် ချိတ်ဆက်၍	▪ တိရစ္ဆာန်မွေးမြူရေးဆိုင်ရာဝန် ဆောင်မှုများရရှိရန် ဆောင်ရွက်ခြင်း –ရောဂါကာကွယ်ဆေးထိုးရေးအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ –ခေတ်မီမွေးမြူရေးစနစ်
	• ရောဂါကျခြင်း။	• ကာကွယ်ဆေးပုံမှန်မထိုး ခြင်း။				
		• ခြံသန့်ရှင်းရေးအားနည်းခြင်း။				

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
					ဝန်ဆောင်မှု ပြည့်ဝစွာ ရရှိအောင် ဆောင်ရွက်ခြင်း၊ • မျိုးကောင်းမျိုးသန့် များ ရရှိရန် မြို့နယ် မွေးကု ဦးစီးဌာန၊ လုပ်ငန်းရှင် များနှင့် ချိတ်ဆက် ဆောင်ရွက်ပေးခြင်း ။	များ လက်တွေ့ဆောင် ရွက်နိုင်ခြင်း၊
၄	**စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ**					
	• အလုပ်အကိုင် အခွင့် အလမ်းရှားပါး ခြင်း	• ဒေသတွင်းစက်ရုံအ လုပ်ရုံများမရှိခြင်း။ • ဒေသတွင်းခရီးသွား လုပ်ငန်းကြီးများမရှိ ခြင်း။ • ဒေသခံများအခြေခံ ပညာအားနည်း ခြင်း။	•	•	• မြို့နယ်မှတဆင့် ပြည်ထောင်စုအ ဆင့်သို့ မူဝါဒဆိုင် ရာ ပံ့ပိုးရန် တင်ပြ တောင်းဆိုခြင်း၊	▪ အလုပ်အကိုင်၊အခွင့်အ လမ်းများ ဖော်ထုတ်နိုင်ရန် မူဝါဒဆိုင်ရာ ပံ့ပိုးမှု တင်ပြ တောင်းဆိုခြင်း – ကျေးရွာဖွံ့ဖြိုးရေးစီမံ ကိန်း အကိုးအကားဖြင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ခရီးသွားလုပ်ငန်း၊စက်ရုံ၊

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
		• ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာအတတ်ပညာနှင့်ကျွမ်းကျင်မှုအားနည်းခြင်း။				အလုပ်ရုံ၊အိမ်တွင်း စက်မှုလုပ်ငန်းများနှင့် သက်ဆိုင်သည့် မူဝါဒပံ့ပိုးမှုများကို လွှတ်တော်ကိုယ်စားလှယ်များမှတဆင့် တင်ပြခြင်း၊ – နိုင်ငံရပ်ခြားသို့ ကျွမ်းကျင်မှု တရုပ်ရုပ်ဖြင့် သွားရောက် အလုပ်လုပ်ကိုင် နိုင်ရေးအတွက် မူဝါဒ နှင့် လုပ်ထုံးလုပ်နည်းပံ့ပိုးမှုများ အတွက် တင်ပြခြင်း၊
၅	**ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု လုပ်ငန်း**					
	• စီးပွားရေး၊လူမှုရေး နှင့်အရေးပေါ်ကိစ္စများအတွက်ချေးငွေရရှိနိုင်မှုခက်ခဲခြင်း။	• အစိုးရဌာနချေးငွေများ တွင် ကန့်သတ်ချက်များ သဖြင့်အဆင်မပြေ။ • ပုဂ္ဂလိကဘဏ်များ			• လုပ်ငန်းအလိုက် အစုအဖွဲ့များ ခိုင်မာစွာဖြစ်ပေါ်လာစေရန် ဆောင်ရွက်ပြီး အစုအဖွဲ့	▪ ဘဏ်များ၊ ငွေကြေးဝန်ဆောင်မှုအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက် နိုင်ရန် စီစဉ်ခြင်း၊ – လုပ်ငန်းအလိုက် ကျစ်လစ်

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
		အာမခံမပါလျှင် မချေး။ • အသေးစားငွေကြေးဝန် ဆောင်မှုအဖွဲ့များ ရှာတိုင်းမရောက်။			စနစ် ဖြင့် ဘဏ်နှင့် ငွေကြေးဝန် ဆောင်မှုပေးသည့် အဖွဲ့အစည်းများ နှင့် ဆက်သွယ်ခြင်း၊ • ပြင်ပငွေကြေးအဖွဲ့ အစည်းများ၊ဘဏ်များနှင့် ကျေးရွာရှိ လုပ်ငန်း အခြေပြု အစုအဖွဲ့များ ချိတ်ဆက်နိုင်ရေး စီစဉ် ဆက်သွယ်တင်ပြခြင်း၊	ခိုင်မာ သည့်ငွေကြေးဆိုင်ရာအစုအဖွဲ့များ ဖွဲ့စည်းပြုစု ပျိုးထောင်ပေးခြင်း၊ –ဤအဖွဲ့အများနှင့် ဘဏ်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြင်ပငွေကြေး အဖွဲ့အစည်းများ နှင့် ချိတ်ဆက်နိုင်မည့် မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများဆိုင်ရာပံ့ပိုးမှု များ တောင်းခံခြင်း၊ –အကျိုးတူ ကန်ထရိုက် စနစ်ဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများဆိုင်ရာ ပံ့ပိုးမှုများ တောင်းခံခြင်း၊ –လက်ရှိအစိုးရဌာနများမှထုတ်ချေးနေသည့် ချေး

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
						ငွေများ ပိုမိုထိရောက်သွက်လက်စေရန် တင်ပြတောင်း ဆိုခြင်း၊
၆	**ပညာရေး**					
	• ကျောင်းအဆောက်အဦမလုံလောက် • တတ်မြောက်မှုအရည်အသွေးသာမန်သာဖြစ်	• ကျောင်းသားဦးရေတိုးလာခြင်း။ • ကျောင်းအဆောက်အဦ ဟောင်းနွမ်းယိုယွင်း လာခြင်း။	•	•	• ပညာရေးဌာနနှင့် ချိတ်ဆက်၍ လိုအပ်ချက်များ တင်ပြတောင်းဆိုခြင်း၊ • ကျေးလက်ဦးစီးဌာန နှင့်ချိတ်ဆက်၍ ညှိနှိုင်း ဆောင်ရွက်ခြင်း၊	▪ကလေးပျော်၍ ဘက်စုံတော်စေသည့်ကျောင်း အဖြစ်ဖန်တီးတည် ဆောက်ခြင်း၊ –အရိပ်ရကစားကွင်းနေရာနှင့် ဆီးဆောဒန်း၊ ဘားဒန်း စသည်ဖြင့် စီမံထားရှိခြင်း၊ –အဆောက်အဦ၊ ပရိဘောဂသင် ထောက်ကူပစ္စည်း

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
					• ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့်မိဘဆရာအသင်းတို့ပူးပေါင်း၍ ထိရောက်စွာလက်တွဲဆောင်ရွက်ရန်စီစဉ် ကူညီပေးခြင်း၊ • ကျောင်းစာပြင်ပဖွံ့ဖြိုး ရေးလှုပ်ရှားမှုများဖန်တီးပေးခြင်း၊	ပြည့်စုံစွာ ပံ့ပိုးခြင်း၊ –ကျောင်းဝန်းကျင် သန့်ရှင်းသာ ယာလှပရေး ဖန်တီးခြင်း၊ –စုပေါင်းလှုပ်ရှား အားကစား လေ့ကျင့်သင်ကြားပေးခြင်း၊ –သီချင်းဆိုပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ စသည့် အရည်အသွေးတက်စေသည့် ပြိုင်ပွဲများကျင်းပပေးခြင်း၊ –ဆရာ၊ ဆရာမများအတွက် ကျေးရွာမှ ဝန်ထုပ်ဝန်ပိုးမဖြစ် သောပံ့ပိုးမှု (နေစရာ၊လုံခြုံရေး၊ရေ၊ မီးစသည်ဖြင့်)
၇	**ကျန်းမာရေး**					
	• ရာသီအလိုက်	• ရာသီဥတုကရောဂါ	•	•	• ကျန်းမာရေးဆိုင်	▪ ထိရောက်သည့်

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	ဖြစ်သော ရောဂါများဖြစ်ခြင်း။ (ဝမ်း၊ တုပ်ကွေး၊ သွေး လွန်တုပ်ကွေး၊ ငှက်ဖျား)	ဖြစ်မှုကိုအားပေးနေခြင်း။			ရာ အဆောက်အဦ၊ ပစ္စည်းပစ္စယ၊ ကိရိယာများ ပြည့်စုံစွာဖြည့် ဆည်းခြင်း • ရာသီအလိုက်အဖြစ်များသော ရောဂါများကို ကြိုတင်နှိုးဆော် ကာ ကွယ်မှုများ ဆောင်ရွက်ခြင်း၊ • အယူသည်းခြင်းနှင့် ဆေးရုံ၊ ဆေးခန်း ကြောက်ခြင်းကို ပညာပေး စည်းရုံးခြင်း • လစ်လပ်ကျန်းမာရေး ဝန်ထမ်းများ ခန့်ထားပေးရန်	ကျန်းမာရေးဝန်ဆောင်မှုရရှိရန် ဆောင်ရွက်ခြင်း - ကျန်းမာရေး အကျိုးဆောင်အဖွဲ့ဖွဲ့၍ ရာသီအလိုက်ရောဂါများ ကြိုတင်ကာကွယ် နှိုးဆော်ခြင်းများ ပြုလုပ်ခြင်း၊ - ကျန်းမာရေးပညာပေး နှင့် သင်တန်းများဖွင့် ပေးခြင်း - ကျေးလက်ကျန်းမာရေး ဆိုင်ရာ အဆောက်အဦ၊ အသုံးအဆောင် နှင့် ဝန်ထမ်း ဖွဲ့စည်းပုံအတိုင်း ရရှိအောင် တောင်းဆို ခြင်း၊ - ရေနှင့်အိမ်သာ
	• ကိုယ်ဝန်ဆောင် အမျိုးသအမီး များဆိုင်ရာ ရောဂါဖြစ်ခြင်း	• အာဟာရချို့တဲ့ခြင်း ။ • ကာကွယ်ဆေးမ ထိုးခြင်း။				
	• ကျန်းမာရေး ဆိုင်ရာ အသိ အားနည်းခြင်း။	• အခြေခံပညာအားန ည်း ခြင်း။ • ဆေးရုံဆေးခန်း ကြောက် ခြင်း။ • အယူသီးခြင်း။				

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
					တောင်းဆိုခြင်း • ရေနှင့်သန့်ရှင်းရေး ပံ့ပိုး မှုများအတွက် ကျေး/လက် ဦးစီးဌာနနှင့် ချိတ်ဆက်လုပ် ဆောင်ခြင်း	ပံ့ပိုးရေးအတွက် ကျေးရွာကော်မတီနှင့် ကျေး/ လက်ဦးစီး လက်တွဲဆောင် ရွက်ခြင်း၊(ရွာနှင့် ကျေး/ လက်ဦးစီးဌာန အတူ ရေ တွင်းတူးဖော်၍ ရွာမှ ထိန်းသိမ်းခြင်း၊ ယင်လုံ အိမ်သာသုံးစွဲမှု ပညာ ပေးခြင်း နှင့် မတတ်နိုင် သူများအတွက် ပံ့ပိုးခြင်း၊
	• အိမ်သာစနစ်တကျမသုံးတတ်ခြင်း။	• အလေ့အထမရခြင်း။				
	• သောက်သုံးရေမလုံလောက်ခြင်း	• ရာသီဥတုဖောက်ပြန်၍ရေရှားလာခြင်း။ • လူဦးရေများလာခြင်း။				

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၈	**လမ်း၊ တံတား၊ လျှပ်စစ်**					
	• **ရွာချင်းဆက် လမ်း မကောင်းခြင်း**	• မြေသားလမ်း ဖြစ်နေခြင်း၊	•	•	• **ကျေးရွာဆပ်ကော်မတီဖွဲ့စည်းပြီး ကျေး/လက်ဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း**	• လမ်းပန်းဆက်သွယ်သွယ်ရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း –လမ်းတံတားများ ဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်းများ (ကွန်ကရစ် လမ်း၊မြေသားလမ်း၊ကျောက်ခြောလမ်း၊ ကတ္တရာလမ်း)
	• **ရွာတွင်းလမ်း မကောင်းခြင်း**	• မြေသားလမ်း ဖြစ်နေခြင်း၊ • ငွေကြေး ချို့တဲ့ခြင်း၊				
	• **ဆိပ်ခံတံတား မကောင်းခြင်း**	• တံတား ကျိုးပျက်နေခြင်း၊				
	• **လျှပ်စစ်မီးမသုံးစွဲ နိုင်ခြင်း**	• မဟာဓာတ်အား လိုင်းနှင့် အလှမ်းဝေးခြင်း၊ • ငွေကြေး မတတ်နိုင်ခြင်း၊	•	•	• **ကျေးရွာဆပ်ကော်မီတီဖွဲ့စည်းပြီး ကျေးလက်ဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း**	• ကျေးရွာမီးလင်းရေး –မဟာဓာက်အားလိုင်းမှ မီးသွယ် တန်းခြင်း –ဆိုလာမီး –ရေအားလျှပ်စစ်
၉	**လူငယ်ဖွံ့ဖြိုးရေး**					
	• ကစားကွင်းမရှိ၊ • အားကစားပစ္စ	• ဆင်းရဲခြင်း။ • ကိုယ်လက်ကြံ့ခိုင်	•	•	• နေရာကျယ်ကျယ်နှင့် တန်ဘိုးကြီး	• ကိုယ်စိတ်ကျန်းမာ၍ ဗဟုသုတ ဖြစ်စေသော

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	ည်းမရှိ။	ရေးအသိမရှိခြင်း။			ပစ္စည်းများ မလို သည့် အားကစား နည်းများမှ စတင်၍ လူငယ်များ အားကစား မှန်မှန် လုပ်လာအောင် စီစဉ်ပေးခြင်း၊ (ပင်ပေါင်၊ ခြင်းလုံး၊ စစ်တုရင်၊ ဖူဆယ် စသည်) • စာဖတ်ချင်စိတ်ရှိ လာအောင် ဖန်တီး ပေးခြင်း • မူးယစ်ကင်းစင်ဝန်း ကျင်ဖြစ်အောင် စီစဉ် ဖန်တီးခြင်း • ထူးချွန်လူငယ်များ အား အသိအမှတ်ပြု ခြင်း(ပညာရေး၊	အပန်းဖြေမှုများ စီစဉ် ဖန်တီးပေးခြင်း၊ - ပင်ပေါင်၊ ခြင်းလုံး၊ စစ်တုရင်၊ ဖူဆယ်၊ ကိုယ်ခံ ပညာ စသည်တို့ကို လူငယ် များစုဖွဲ့ကစားနိုင်ရန် စီစဉ် ဖန်တီးပေးခြင်း၊ - နွေရာသီအားကစားရက် တိုသင်တန်းများ စီစဉ် ပေးခြင်း၊ - စာပေဟောပြောပွဲများ ကျင်းပ ပေးခြင်း၊ - စာဖတ်သူအစုအဖွဲ့များ ဖွဲ့၍တစ်ဦး တစ်အုပ်ကျ ဝယ်၍ လဲလှယ်ဖတ်ရှု ပြီး ဆွေးနွေးသည့်အလေ့အထ တည်ဆောက်ပေးခြင်း၊ - အားကစား၊စာပေ၊ စာရိတ္တ၊ လူမှုရေးစွမ်းဆောင်မှုများ
	• စာဖတ်မည့်သူမ ရှိ၊ ဖတ်ကျင့်မရှိ။	• အခြားအချိန်ဖြုန်းစ ရာ များစွာရှိ။ • ကျူရှင်စာနှင့် ကျောင်းစာသာအ လွတ်ကျက်။	•	•		
	• ယဉ်ကျေးမှုနှင့် အနုပညာ ထိတွေ့မှုမရှိ။	• အချိန်မပေးနိုင်။ • အစီအစဉ်မရှိ။	•	•		
	• မူးယစ်ဆေးအန္တ ရယ်	• လွယ်ကူစွာဝယ်ရ နိုင်။	•	•		

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
					အားကစား၊ စာရိတ္တ၊ လူမှုရေးစွမ်းဆောင်မှုများ အတွက် ဂုဏ်ပြုချီးမြှင့်ခြင်း)	အတွက် ဂုဏ်ပြုပွဲများ ကျင်းပခြင်း၊ • အရက်၊ မူးယစ်ဆေးကင်းစင် ကျေးရွာဖြစ်ရန် အားလုံးဝိုင်းဝန်းဆောင်ရွက်ခြင်း၊ (ရောင်းသူ၊ သုံးသူပညာပေး၊ ဥပဒေအရ တားဆီးအရေးယူ)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၇	၈	၁၅
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၂၃	၃၀	၅၃
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၄၉	၆၂	၁၁၁
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၄၇	၅၈	၁၀၅
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၃၅၅	၃၄၄	၆၉၉
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၂	၄	၆
စုစုပေါင်း		**၄၈၃**	**၅၀၆**	**၉၈၉**
စုစုပေါင်း အိမ်ထောင်စု		**၂၁၄**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း အိမ်ခြေအိမ်ထောင်စုများကောက်ယူရာတွင် စာရေးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများအတူ ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့အတူတကွ ပူးပေါင်းကောက်ယူထားရှိချက်များအရ ၁နှစ်အောက် နို့စို့အရွယ်နည်းစုသာရှိပြီး ၃၀နှစ်မှ ၆၄နှစ်အထိ ကျောင်းနေသူများနှင့် အလုပ်လုပ်နိုင်သူများပြားပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၁၈၀	၃၈၀	၂၀၀	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်✓ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား /	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၃	၃	မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂၀	၂၀	၂၀	မြင့် ☐ လတ်☐ နိမ့် ✓
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄	၈	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၃	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၅၀	၁၀၀	၂၅	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၅	၁၅	၁၀	မြင့် ☐ လတ်☐ နိမ့် ✓
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ✓
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၁၀	၁၀	၅	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်✓ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၅	၅	၅	မြင့် ☐ လတ်✓ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂	၂	၂	မြင့် ☐ လတ်✓ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်✓ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁၀၀	၁၅၀	၁၅၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား /	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				
	စုစုပေါင်း	၃၉၂	၇၁၆	၄၂၀	☒

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း နေထိုင်သည့် ရွာသူ/သားများသည် ကိုယ်ပိုင်ရေနှင်းငါးဖမ်းလုပ်ငန်းများနှင့် ကျပန်းလုပ်ကိုင်သူများဖြစ်ကြပြီး အခြားဝင်ငွေရလုပ်ငန်းများလုပ်ကိုင်လျက်ရှိ ကြောင်းတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	–	–	–	–
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း)	နေ့စား	၁၃၀၀၀	၇၀၀၀	၁၀၀၀၀	၅၀၀၀

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	–	-	–	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၃၀၀၀	၇၀၀၀	၁၀၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	–	-	–	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၁၀၀၀၀	၆၀၀၀	၇၀၀၀	၄၅၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ လုပ်အားခများကိုနေ့စားများဖြင့်ဌားရမ်းလုပ် ကိုင်ကြပြီး အများဆုံးယောက်ျားတစ်ရက်လုပ်အားခ၁၃၀၀၀နှင့်အနိမ့်ဆုံး ၇၀၀၀ကျပ် ရရှိပါသည်။ အမျိုးသမီးများမှ အများဆုံး၇၀၀၀ ကျပ်နှင့်အနည်းဆုံး၄၅၀၀ကျပ်ရရှိပါသည်။ ကျေးရွာအတွင်း ကျား/မ လုပ်အားခအနည်းငယ်ကွာခြားကြောင်းတွေ့ရှိရပါသည်။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ✓
ယာမြေ / တောင်ယာမြေ	၈	ကောင်း ☐	သင့် ☐	ညံ့ ✓
ဥယျာဉ်ခြံမြေ	၁၉၄၈	ကောင်း ✓	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၂၆	ကောင်း☐	သင့် ☐	ညံ့ ✓
ခနိတောမြေ	၂၆	ကောင်း ☐	သင့်☐	ညံ့ ✓
စားကျက်မြေ	၃	ကောင်း ☐	သင့်✓	ညံ့ ☐
မြေလွတ် မြေလပ်	၁၄	ကောင်း ☐	သင့် ☐	ညံ့ ✓
စုစုပေါင်း	၂၀၂၅	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထား သတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်မြေဥယျာဉ်ခြံမြေများ ကောင်းမွန်ပါသည်။ ကျန်မြေအမျိုးအစားများနည်းပါးပြီး မြေဆီမြေဩဇာအသင့်အတင့်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက် ☐အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ✓	☒

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်သတ္တုနှင့်အခြားတွင်းထက်သယံဇာတများမရှိပါ။ သဲ ကျောက် သဘာဝပင်အမျိုးအစားဆေးဘက်ဝင်အပင်များနည်းပါ ကြောင်းလေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သော အိမ်ထောင်စု

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	နည်း	များ	အသင့်အတင့်	နည်း
အိမ်အခြေအနေ	အသင့်အတင့်	အသင့်အတင့်	ညံ့	ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	နည်း	နည်း	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	ကောင်း	ကောင်း	ညံ့	ညံ့
အိမ်ထောင်စု	၂၀	၄၅	၈၃	၆၆

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ အခြေအနေအထားကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့်သတ်မှတ်မှု နည်းလမ်းအရ သိရှိခဲ့ရပါသည်။ အများအားဖြင့် ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ ဖြစ်ကြပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ✓ လုပ်အားခကြိုယူ = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = ✓ ချေးယူ = ✓ လုပ်အားခကြိုယူ = ✓
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = ✓ ချေးယူ = ✓ လုပ်အားခကြိုယူ = ✓

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဆင်းရဲသားအိမ်ထောင်စုများသည် ဝမ်းစာဖူလုံမှုမရှိသဖြင့် ဆွေမျိုးသားခြင်းနှင့် မောင်နှမထံတွင် ငွေကိုချေးငှားသုံးစွဲကြကြောင်းလေ့လာတွေ့ရှိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၅		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၅		

အကြောင်းအရာ	ကျား	မ	ပေါင်း
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဆင်းရဲသောအမျိုးသမီးဦးဆောင်သောအိမ်ထောင်စု နှင့်မုဆိုးဖို/တစ်ခုလပ်ဦးဆောင်သောအိမ်ထောင်စု နည်းငယ်ရှိပြီး ထိခိုက်လွယ်မှုအခြေအနေနည်းပါးကြောင်းလေ့လာတွေ့ရှိရပါသည်။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ ရိုက်ပျိုးရေ)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐ မရှိ ✓	လတ် ☐	နိမ့်☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ မရှိ ✓	လတ် ☐	နိမ့်☐
၁၂	၄က်ဖျားရောဂါ	မြင့် ☐ မရှိ ✓	လတ် ☐	နိမ့်☐
၁၃	တီဘီရောဂါ	မြင့် ☐ မရှိ ✓	လတ် ☐	နိမ့်☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ မရှိ ✓	လတ် ☐	နိမ့်☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐ မရှိ ✓	လတ် ☐	နိမ့်☐
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐ မရှိ ✓	လတ် ☐	နိမ့်☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ မရှိ ✓	လတ် ☐	နိမ့်☐
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐ မရှိ ✓	လတ် ☐	နိမ့်☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် – နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု – လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ထိခိုက်သက်လွယ်မှုအခြေအနေမရှိပါ။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့်✓ မရှိ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ✓ ☐ နိမ့်☐ မရှိ
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	**ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများမရှိပါ။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေးအဖွဲ့	၁☐ ၂✓ ၃☐				ပညာရေး ✓ ဌေးကြေး ☐ ကျန်းမာရေး ✓ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ✓	ကောင်း ☐ သင့် ✓ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၂	ပရဟိတ	၁☐ ၂✓ ၃☐	၁၅ ၀	၅ ၀	၂၀၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐
၃	နာရေးကူညီမှုအသင်း	၁☐ ၂✓ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ✓ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✓ သင့် ☐ ညံ့ ☐
၄	မီးသတ်	၁☐ ၂✓ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး	ကောင်း ✓ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့် ကာကွယ်ရေး ✓	
၅	ဂေါ်ပကအဖွဲ့	၁□ ၂□ ၃✓				ပညာရေး □ ဌေးကြေး □ ကျန်းမာရေး □ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် ✓ ညံ့ □
၆	မြစိမ်းရောင်	၁✓ ၂ □ ၃□				ပညာရေး □ ဌေးကြေး ✓ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း ✓ သင့် □ ညံ့ □

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၇	အမျိုးသမီးရေးရာ	၁☐ ၂✓ ၃☐				ပညာရေး ✓ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်လူမှုရေးနှင့်ပတ်သက်၍ လူငယ်များနှင့် အမျိုးသမီးများသည် ကျေးရွာတွင်သာရေးနာရေး ကိစ္စများကူညီပေးပါသည်။ ပရဟိတနှင့်ကျန်အဖွဲ့အစည်းများသည် ရပ်ရွာတွက် အကျိုးပြုလုပ်ငန်း လုပ်ကိုင်ကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)

